
# တက္ကသိုလ်နေဝင်း

# အင်းဝရောက် ဗြိတိသျှသံတမန် မှတ်တမ်း
(၁၈၃၃)






မင်းတုန်းမင်း



မင်းတုန်းမင်းရွှေတော်ရောက် ဗြိတိသျှသံအဖွဲ့




ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော် (၁၈၅၅) ခုနှစ်



အမရပူရရွှေနန်းမှ တရားရေး ဝန်ထမ်းများ




မွန်အမျိုးသမီးငယ်နှစ်ဦး



နဂါးဘုရားကျောင်း နောက်ခံနှင့် ခြေလျင်နှင့် မြင်းစစ်သည်တော်များ




အမရပူရမြို့ရှိ မြန်မာဘုရင်နန်းတော်နှင့် ဆင်ဖြူတော်



ထူးဆန်းစွာ အမွေးအမှင်များပေါက်နေသော မြန်မာအမျိုးသမီးတစ်ဦး



မြန်မာဗိသုကာ လက်ရာမွန်တစ်ခုဖြစ်သော ဦးပိန်တံတားကြီး




ရှေးခေတ် မြန်မာ့ရေတွင်း




မြန်မာမြို့ငိုင်းသဘင်




ခရီးသွားများ သောက်သုံးရန် ရေအိုးစင်




ပုဂံ အာနန္ဒာဘုရား



ပုဂံ သဗ္ဗညုဘုရား



ပုဂံ ဓမ္မရံကြီးဘုရား



မင်းကွန်းမြို့ရှိ ဘုရားကြီးပုံတော် (၁၈၃၈ တွင် ငလျင်ခတ်ခံခဲ့ရသည်)



အမရပူရရှိ မြန်မာဘုရင်ကိုးကွယ်သော
မဟာအတုလပေါင်းချုပ် ဘုန်းကြီးကျောင်း



ပုဂံ ဂေါ်တောပလ္လင်ဘုရား




ပုဂံဗုဒ္ဓဘုရား





စစ်ကိုင်းကောင်းမှုတော်ဘုရား

















**မူရင်းစာအုပ်ရေးသားသူ ဟင်နရီယူးလ်**

ဤစာအုပ်တွင်ပါဝင်သော ပုံများကို မူရင်းစာအုပ်ဖြစ်သော
*"Narrative of the Mission to THE COURT OF AVA IN
1855"* မှ ကူးယူဖော်ပြပါသည်။

## ယူးလ် (Henry Yule)(၁၈၂၀-၁၈၈၉)

ရှိုင်ရယ် အင်ဂျင်နီယာတပ်မှ ဖြစ်၏။ အိန္ဒိယသို့ ၁၈၄၀ တွင် ရောက်သည် ။ ဘင်ဂေါအင်ဂျင်နီ ယာတပ်တွင် ကပ္ပတိန်အဖြစ် စတင်အမှုထမ်းသည် ။ သို့သော် မြို့ပြဘက် အထူးသဖြင့် ဆည်မြောင်း လုပ်ငန်းတွင် တာဝန်ယူရသည် ။ စကော့တစ်ယောက်ပီပီ ဓွလုံ့လ ဝီရိယနှင့် မထိတရိမှုဟန်အပြည့် ရှိသည် ။ ပုံဆွဲဆရာ၊ အနုပညာရှင်နှင့် စာရေးဆရာအဖြစ် စွယ်စုံရ ကလောင်ရှင်ဖြစ်သည် ။ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲစဖြစ်စ ၁၈၅၂ခုနှစ်က ဇာတ်ကြီးသော အိန္ဒိယတပ်သားအချို့သည် ပင်လယ်ခရီးဖြင့် ရန်ကုန်သို့ချီတက်ရန် ငြင်းဆန်ကြသည် ။ အိန္ဒိယဘုရင်ခံချုပ် ဒါလဟိုစီသည် ဘင်္ဂလားမှ ဒက္ကား၊ စစ်တွေတို့ ကိုဖြတ်၍ တောင်ကုတ်ကျော် လမ်းဖြင့် ရန်ကုန်သို့ ကုန်းလမ်းဖြစ် နိုင်ချေကို စူးစမ်းရန် ယူးလ် ခေါင်းဆောင်သော စုံစမ်းရေးအဖွဲ့ကို စေလွှတ်သည် ။ ယူးလ်သည် တောင်ကုတ်မှ ပြည် သို့ပေါက်သည့် ခက်ခဲသော ရိုးမကျော်လမ်းခရီးကို ခုတ်ထွင်ထိုးဖောက်၍ ၁၈၅၃ခု မတ်လတွင် ပြည်မြို့သို့ရောက်သည် ။ ယင်းတွင် အေပီဖယ်ရာ (နောင် မဟာဝန်ရှင် တော်မင်းကြီးဖြစ်လာသူ)နှင့်ပ ထမဆုံးအကြိမ် ဆုံမိသည် ။

ထို့နောက် ၂နှစ် စက်ာပူမြို့ ထူထောင်ရေးအစိုးရ မီးရထားလမ်းဖောက်လုပ်ရေးတွင် တာဝန် ထမ်းဆောင်သည် ။ထိုအချိန်တွင် ပဲခူးဝန်ရှင်တော်မင်းကြီးဖယ်ယာ ဦးဆောင်သော အင်းဝသံအဖွဲ့တွင် အတွင်းရေးမှူးအဖြစ် လိုက်ပါရန် ခန့်အပ်ခံရသည် ။

ပဲခူးဝန်ရှင်တော်မင်းကြီးဖယ်ယာသည် ၁၈၅၅ခုတွင် သံအဖွဲ့ဝင်များ

နှင့်အတူ အမရပူရနေ ပြည်တော်သို့ ဆန်တက်သည် ။ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပြီး၍ အောက်မြန်မာပြည်ကို ဗြိတိသျှတို့ သိမ်းပိုက်သည် ကို သဘောတူကြောင်း စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုရန်ဖြစ်သည် ။ သံအဖွဲ့တွင် ယူးလ်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရသည် ။ အဖွဲ့ဝင်အဖြစ် မေဂျာဂရန့်အာလန်(နယ်စပ်တွင် တာဝန်ကျနေသူ၊မြန်မာတို့ က မြေထဲဝန်ခေါ်သည် )ပရော်ဖက်ဆာ သောမတ်အိုလ်ဟမ် (အိန္ဒိယ ဘူမိ ဗေဒ စူးစမ်းရေးဌာနဝန်ထောက်၊မြန်မာတို့ က ကျောက်ဆရာ ဟု ခေါ်သည် )ကိုလ်စပါသီဂရန့်(အနုပ ညာရှင်၊ပန်းချီဆရာ၊ပုံဆွဲဆရာ(မြန်မာတို့ က ဆေးရေးဆရာခေါ်သည် )။ ဒေါက်တာဖော်ဆိုက်(မြန်မာ တို့ က ဆေးဆရာခေါ်သည် )၊ဒေါက်တာထရိုက်(ဓာတ်ပုံဆရာ)နှင့် စကားပြန် အက်ဒွတ် (ဧတွယ်) တို့ ပါ သည် ။ အတွင်းရေးမှူး ယူးလ်ကို မြန်မာတို့ က လယ်ယာဗိုလ်ကြီးဟု ခေါ်သည် ။

အဖွဲ့ကတောင့်၊ပညာရှင်များ လည်း စုံသဖြင့် ယူးလ်နှင့်တကွ သံအဖွဲ့တွင် အရာရှိများ သည် ဧရာဝတီမြစ်ရိုး ဝဲယာကမ်းတလျှောက် မြင်တွေ့ရသမျှကို မှတ်တမ်းတင်ကြ ဓာတ်ပုံရိုက်ကြသည် ။ အမရပူရမြို့တော် နန်းတော်မှ အစ ဝန်းကျင်ဒေသကို လှည့်လည်ကြည့်ရှုလေ့လာသည် ။ ယူးလ်သည် သံကြီးသွားရာနောက် တကောက်ကောက် လိုက်ပါရ၍ ညီလာခံသို့လည်းကောင်း၊ အိမ်ရှေ့အိမ်တော် သို့ လည်းကောင်း၊မှူးတော်၊မတ်တော်များ အိမ်သို့လည်းကောင်း ရောက်ခဲ့သည် ။ ရှေးကရောက် ပေါက်ဖူးသူသံများ ၊သာသနာပြုဆရာများ ၊ မှတ်တမ်းတင်ထားခဲ့သည် တို့ နှင့်ယှဉ်၍ နိုင်ငံအ ကြောင်း၊ အစိုးရ ကြောင်း၊ပြည်သူများ အကြောင်းတို့ ကို ရှေ့အစဉ်အလာကို မျှော်၍ စုဆောင်းသည် ။သံအဖွဲ့၏ အဓိက လိုလားချက်ဖြစ်သော စာချုပ်ကို မချုပ်ဆိုနိုင်ခဲ့။ မင်းတုန်းမင်း လက်မှတ်ရေးထိုးပေးရန် သံကြီးက အစွမ်းကုန်ကြိုးပမ်းသော်လ

ည်း မအောင်မြင်၍ လက်လျှော့တပ်ခေါက် ပြန်ခဲ့ရသည် ။ သို့သော်ယူး လ် သည် ယင်းခရီးတွင် တွေ့မြင်မှတ်သားခဲ့သည် တို့ ကို A Narrative of the Mission Sent by the Governor General of India to the Court of Ava in 1855,with Notices of the Country Government and People အမည်ဖြင့် စာအုပ်ရေးသည် ။ ထိုခရီး၏ အစီရင်ခံစာ လည်း ဖြစ်၏။London,Smith Elder &Co.,မှ ၁၈၅၈ ခုနှစ်တွင် ရိုက်နှိပ်ထုတ်ဝေသည် ။

(အနောက်နိုင်ငံသားတို့ ၏ အရေးအသားတွင် Kingdom of Pagan ဆိုလျှင် ပုဂံခေတ် မြန် မာနိုင်ငံကို ဆိုလိုသည် ။ Kingdom of Pegu ဆိုလျှင်တောင်ငူခေတ် မြန်မာနိုင်ငံကို ညွှန်းသည် ။ ကုန်းဘောင်ခေတ် မြန်မာနိုင်ငံကို Kingdom of Ava,Court of Ava ဟု ညွှန်းကြသည် ။ နေပြည်တော်သည် အင်းဝဖြစ်စေ၊ အမရပူရဖြစ်စေ Avaဟု မှတ်တမ်းတင်ကြသည် ။ ယူးလ်တို့ လာရောက်စဉ်က မင်းတုန်းမင်းသည် အမရပူရ နေပြည်တော်တွင် ပင် နန်းစံလျက် ရှိသေးသည် ) မင်းတုန်းမင်းသည် သံကြီးဖယ်ယာနှင့်တကွ သံအဖွဲ့ဝင်များ အတွက် ကျယ်ကျယ်ဝန်းဝန်း သံတဲ ဆောက်ပေးထားသည် ။ အလျား အနံ ပေ ၈၀ခန့် စတုရန်းပုံ၊ ဝါးထရံဝင်း ခတ်ထားသော မြေ ကွက်ပေါ်တွင် ဆောက်လုပ်ထားသော သံတဲသည် ကျယ်ကျယ်ဝန်းဝန်းရှိသည် ။ တိုင်၊ ထုပ်၊ လျောက်၊ ရက်မ စသည် ကျွန်းပကတိ၊ ဝါးကြမ်းခင်း၍ ဇလီသတ် ဝါးထရံကာထားသည် ။ ဝါးကြမ်းခင်းပေါ်တွင် ကော်ဇော ခင်းထားသည် ။ ဝင်းအပြင်ဘက်ပတ်လည်တွင် မြန်မာရဲမက် ၆၀၀ခန့် တဲတန်းလျားနှင့် အစောင့်အနေထားသည် ။ ဝင်းအတွင်း ပတ်လည်တွင် သံအဖွဲ့ဝင် နောက်လိုက်လူငယ်များ အတွက်တဲ များ ဆောက်ထားသည် ။

သံတဲတွင် အခန်းကျယ်ကြီး နှစ်ခုရှိ၏။ အရှေ့ဘက်ခန်းမသည် စားပွဲ၊ ကုလားထိုင်၊ ပရိဘောဂများ နှင့် ခမ်းခမ်းနားနားရှိ၏။မျက်နှာကျက်

တွင် ဆွဲယပ်များ တပ်ဆင်ထားသည် ။ ထမင်းစားခန်း ဖြစ်သည် ။ နံရံတွင် တရုတ်မီးအိမ် အိန္ဒိယမီးအိမ်များ ချိတ်ဆွဲထားသည် ။ ထိုမှန်အိမ်များကို ဖယောင်းတိုင်များ ဖြင့် ထွန်းညှိရသည် ။ထမင်းစားခန်း၌ ပန်းမျိုးစုံ၊ သီးမျိုးစုံ သီးနေသော သစ်ပင်အတုများကို တရုတ်ပန်းအိုးကြီးများ တွင် စိုက်ထားသည် ။ ပိန္နဲ၊ သရက်၊ ဩဇာစသော စားဖွယ်အသီးများ နှင့် ချိုချဉ် မုန့်ပဲသရေစာ တွဲလွဲဆွဲထားသည် ။ နေ့စဉ်လာရောက်၍ ထပ်ဖြည့်ပေးသဖြင့် ပဒေသာပင်များ နှင့် တန် ဆာဆင်ထားသော၊ လှပသော ထမင်းစားခန်း ဖြစ်နေသည် ဟု ယူးလ်က မှတ်တမ်းတင်သည် ။

အမရပူရမင်းနေပြည်တော်ကိုလည်း ယူးလ်က စေ့စေ့စပ်စပ် ဤသို့ လေ့လာမှတ်တမ်းတင် သည် ။

"မြို့တံခါးဝများကို မုခ်ခုံးတင်ထားခြင်း မရှိ၊ တရုတ်မြို့များမှာ ကဲ့သို့ တံခါးဝများ တွင် ပြာသဒ်၊ တန်ဆောင်းများ တင်ထားသည် ။ အဝင်အထွက် အသွားအလာ လူစည်သော တံခါးဝများ တွင် ကုန်သေးဆိုင်ငယ်များ ရှိသည် ။ ဖိနပ်အမျိုးမျိုး၊ သစ်သားဘီး၊ ယွန်းထည်အညံ့စား၊ ကွမ်းအစ်၊ ကြေးဇွန်း၊ ကတ်ကြေး၊ ဖန်နားတောင်း၊ ကံ့ကူဆံ၊ မီးခတ်ကျောက်စသည် တို့ ရောင်းကြသည် ။ နန်းတော်အဝင်ဝရှိ ဆိုင်များ တွင် ပုရပိုက်၊ ကံ့ကူဆံ စသည့် စာရေးကိရိယာများ ဝယ်ယူနိုင်သည် ။"

အမရပူရနေပြည်တော်တွင် ပြင်သစ် စွန့်စားသွားလာရေးသမားနှစ်ဦးလှည့်လည်သွားလာနေ သည် ကို ယူးလ်မြင်သည် ။ ရွှေဘိုမင်း လက်ထက်ကပင် ရန်ကုန်ရေဝန်အဖြစ် အမှုထမ်းခဲ့သူ ကမရုတ်တအမည်ရှိ ဂိုအာပေါ်တူဂီသည် မင်းတုန်းမင်းနှင့် အဆင်ပြေအလွမ်းသင့်၍ အကော

က်ဝန်ဖြစ်နေ သည် ကို ယူးလ် သတိထားမိသည် ။ အာမေနိယန်ကုန်သ ည် အိမ်ထောင်တစ်ဒါဇင်ခန့်နှင့် မဂို ၁၅အိမ် ထောင်ခန့်ရှိသည် ။ အစဉ် သဖြင့် ဘုဏ်နီဘုဏ်နက်ထုတ်၍ အင်္ဂလိပ်မကောင်းကြောင်းကို ဘုရင့် နား တော်ပေါက်အောင် လျှောက်ထားနေကြသည် ။ အင်္ဂလိပ်ကို မနာလို မုန်းတီးသူများ ဖြစ်သည် ဆိုသည် ။ အာမေးနီးယန်းမက္ကတစ်သည် မြန် မာအစိုးရထံတွင် ကုလားဝန်အဖြစ် အမှုထမ်းနေသည် ။ နေပြည်တော် တွင် မဟာမေဒင်များ လည်း ရှိသည် ။ ဖာသာအက်ဘိုနာနှင့် အီတာလျံ ဘုန်းတော်ကြီးလေးပါး၊ခရစ် ယာန်သာသနာဝန် ၂၀၀ခန့်ရှိသည် ။ တရု တ်တန်းသည် သီးသီးသန့်သန့် အိမ်ထောင်၂၀၀၀ခန့်ရှိသည် ။ အိမ်များ သည် အုတ်တိုက်များ ဖြစ်၏။ တရုတ်ဘုံကျောင်းလည်း ရှိသည် ။

မြန်မာ့လက်မှုလုပ်ငန်းများကိုလည်း ယူးလ် တစေ့တစောင်း လေ့ လာသည် ။ ဖန်ချက်လုပ်ငန်း နှင့်ဖန်ချက်သူများကို မတွေ့ခဲ့ရ။ ဖန်ထည် များကိုသာ မြင်ခဲ့သည် ။ ဖန်ပုလင်းများ ၊ ဖန်ခွက်များ ဖန်သား ကောင်း မွန်ကြည်လင်ကြောင်း၊ အိန္ဒိယပြည် ဟဒ်ဝါမြို့မှာ ကဲ့သို့ ပြန်လည်ကျို၍ လုပ်ဟန်တူသည် ဟု မှတ်ချက်ချသည် ။

သံကြီးဖယ်ရာသည် ဘုရားမင်းမြတ်ထံ အဖူးအမြော်ဝင်တိုင်း လက် ယာဗိုလ်ကြီး ယူးလ် လိုက်ပါရသည် ။ မင်းတုန်းမင်းနှင့် ဖယ်ရာ ပြောဆို သမျှကို ကြားရသူဖြစ်သည် ။ ကြားသမျှ၊ မြင်သမျှကို လည်း မှတ်တမ်း တင်သည် ။ မင်းတုန်းမင်းသည် အလွန်ကွမ်းစား၏။ ရွှေကွမ်းအစ်ကို လ က်ကမချ။စ ကားပြောရင်း ရွှေကွမ်းအစ်ကို အမြဲပွတ်သပ် ကစားနေသ ည် ။ မှတ်သားလောက်သော ပုဂ္ဂိုလ်ကြီး၊ ဦး နှောက်ကောင်းသူ၊ သာမန် ထက်အမြော်အမြင်ရှိသူ ဖြစ်၏။ သံကြီးဖယ်ရာကိုသာမက သံအဖွဲ့ဝင်များ အားလုံးအပေါ် စေတနာထားသည် ။သက်တောင့်သက် သာရှိအောင် မငြိုငြင်ရအောင် ဂရုစိုက်သည် ။

ပေါင်မုန့်အကောင်းစားများ နေ့စဉ်ပို့ပေးသည် ။ သွားလာရေးအတွက် ဆင်၊ မြင်းများ အရံသင့်။ အတီးအက၊ အဖျော်အဖြေများ လည်း မလစ်ဟင်းစေရ၊ လောကွတ်ပျူငှာ ဧည့်ဝတ်ကျေသည် ဟု ယူးလ်မှတ် တမ်းတင်ထားသည် ။

ယူးလ်၏ အဆိုအရ မြန်မာအစိုးရ အလွန်သဘောကောင်းသည် ။ သံအဖွဲ့ဝင်အရာရှိများ မြို့ တော်ဝန်းကျင်သို့ လည်းကောင်း၊ မြို့တော်လမ်းမလမ်းသွယ်နေရာအနှံ့လည်းကောင်း၊ နေ့စဉ် ရက်ဆက် လွတ်လွတ်လပ်လပ်လှည့်ပတ်သွားလာ ကြည့်ရှုမှတ်သားကြသည် ။ တစ်စုံတစ်ခု အနှောင့်အယှက်မရှိ။ မြေတိုင်းကိရိယာများကို အတားအဆီးမရှိ အသုံးပြုခွင့်ရသဖြင့် မေဂျာအာလန်သည် အမရ ပူရမြို့တော်နှင့် ဝန်းကျင်မြေပုံကြီးကို လှလှပပဆွဲနိုင်ခဲ့သည် ။ ဘူမိဗေဒပညာရှင် အိုလ်ဟမ်အတွက် လည်း ဘုရင့်အမိန့်တော်အရ ကျောက်ဖြစ်ရပ်ကြွင်း အများ အပြား ရှာဖွေစုဆောင်းပေးကြသည် ။ ဘုရင်မင်းမြတ်၏ ဆင်ဖြူတော်ပုံကို ဂရန့်က ပုံတူဆွဲ၍ ဆက်သသောအခါ မင်းတုန်းမင်းက ပန်းချီပုံဟု မယုံကြည်၊ ဓာတ်ပုံလားဟု အမေးတော်ရှိသည် ။ ဆွဲပုံပန်းချီပုံ ဟု လျှောက်ထားသောအခါ မောင်မင်းတို့ ပုံက ကြွကြွရွရွ ရှိလှသည် ။ မြန်မာတို့ ဆွဲသည့်ပုံမှာ ပြားပြားချပ်ချပ် အသက်မဝင်ဟု မိန့်တော်မူသည် ။ အလွန်သဘောကောင်းသည် ။ စာချုပ်တွင် လက်မှတ်ထိုးမပေးသည် ကိုမူ မည်သို့မျှ မတတ်နိုင်ခဲ့၊ တပ်လန်ခဲ့ရသည် ။

“ရန်ဖြစ်ဖို့ က လွယ်ပါတယ်၊ရန်ပွဲပြီးပြတ် ပြေငြိမ်းဖို့ ခက်တယ်။ စကားတစ်လုံးနဲ့ အမုန်းပွား နိုင်တယ်။ ဒါပေမဲ့ သတိသမ္ပဇဉ်နဲ့ ယှဉ်ရင် ရန်ပွဲအထိမဖြစ်အောင်၊ မရောက်အောင် တားဆီးနိုင်တယ်။ သာမန်မိတ်ဆွေအဖြစ်က မခဲယဉ်းဘူး။ တည်မြဲခိုင်မြဲတဲ့ မိတ်သဟာဖြစ်ဖို့ ကတော့ မလွယ်ဘူး” ဟု မင်းတုန်းမင်းက သံကြီးဖယ်ရာအား မိန့်လိုက်ကြောင်း

ယူးလ် မှတ်တမ်းတင်သည် ။

အိမ်ရှေ့စံ ကနောင်မင်းနှင့် အိမ်ရှေ့မိဖုရားတို့ ကို ဖူးတွေ့ရသော ယူးလ်တို့ အဖွဲ့သားများ သည် ရွှေမင်းသမီးနှင့် ဘီလူးပုံပြင် (Beauty and the Beast)ကို အမှတ်ရကြသည် ဆို၏။ "မင်းဝတ်တန် ဆာဆင်ယင်လျက် မင်းနှစ်ပါးထိုင်နေသည် မှာ ပေါင်သွင်းထားသော အရုပ်ကားသဖွယ်ထင်ရသည် ။ ကနောင်မင်းသည် ဘရိုကိတ်ပန်းပွင့်ဖော် ကိုယ်ဝတ်တော်ကို ဝတ်ဆင်၍ ကျောက်စီဖောင်းဆောင်း ထားသည် မှာ ဆံပင်ကို ဖုံးနေသည် ။ နှုတ်ခမ်းမွေးကျင်စွယ်မထား၊ နောင်တော်မင်းတရားကဲ့သို့ အသွင် အပြင်မကောင်း၊ အိမ်ရှေ့စံမိဖုရားသည် အသက်ငယ်သေး၏။ သိမ်မွေ့နူးညံ့ပုံပေါ်သည် ။ အသိဉာဏ်ရှိ ပုံပေါ်သည် ။ နှစ်လိုဖွယ်မျက်နှာတွင် ရုက်ရိပ်ကလေး သန်းနေသည် ။ အိမ်ရှေ့မင်း စကားတစ်ခွန်းမှ မဟ၊ သုန်သုန်မှုန်မှုန်ရှိလှသည် ။"

နေပြည်တော်မှ သံအဖွဲ့ ပြန်ထွက်ခါနီးတွင် တစ်ကြိမ်ဝင်ရောက်ဖူးမြော်နှုတ်ဆက်ကြသည် ။ "ဤအကြိမ်တွင် အိမ်ရှေ့မင်း သုန်သုန်မှုန်မှုန် မျက်နှာထားမရှိ၊ စကားပြောတိုင်း တဟားဟားရယ် သည် ။ ပိတ်ချော ထိုင်မသိမ်းအဖြူနှင့် လွန်းပုဆိုးဝတ်ထားသည် ။ ပေါ့ပါး သွက်လက်နေသည် ။မင်း တုန်းမင်းနှင့် ရုပ်ချင်းဆင်သော်လည်း အမူအရာကွဲသည် ။ ခွဲရှိပုံ၊ စရိုက်ကြမ်းပုံ၊ ရမ္မက်ပြင်းပုံပေါ်သည် ။ စိတ်ထက်သန်ပုံအပြည့်မြင်ရသည် ။ ရည်မွန်ခြင်းတော့မရှိလှ။ အိမ်ရှေ့မင်းသည် အင်္ဂလန်နှင့်အ ခြားအနောက် နိုင်ငံကြီးများ အကြောင်း၊ရာသီဥတုမှ အစ ကန့်အကြောင်း၊ ယမ်းအကြောင်း၊ သင်္ဘောအကြောင်း၊ ကြေးနန်းအကြောင်း စသည် တို့ ကို သံကြီးဖယ်ရာအား စုံစုံမေးမြန်းသည် "ဟု ယူးလ်က မှတ်တမ်းတင်သည် ။

ယူးလ်သည် သံကြီးနှင့်အတူ ဝန်ကြီးများ အိမ်သို့လည်း နိုင်ငံရေးကိစ္စမဟုတ်ဘဲ အလည်သ ဘောသွားရောက်၍ အာလာပသလ္လာပ ပြောကြသည် ။ယူးလ်သည် တောက်တောက်ပြောင်ပြောင် ပိုး အချိတ်လုံချည်၊ ပိတ်ပါးအင်္ကျီဝတ်ထားသော ဝန်ကတော်များ ၏ ကျောက်မျက်ကောင်းများ ရံစီထားသော စိန်နားတောင်း၊ မြနားတောင်း၊ ပတ္တမြားနားတောင်းကြီးများ ၊ စိန်ဆွဲကြိုးများ ၊ ပုလဲစီ ရွှေဆွဲကြိုး ၊ အဖိုးထိုက် အဖိုးတန်များကို မျက်စိကျခဲ့သည် ။ စားပွဲကုလားထိုင်များ နှင့် တည်ခင်းဧည့်ခံသည့် မြန်မာစားဖွယ်များ စုံလှသည် ။ ကွမ်းဆေး၊ လက်ဖက်လည်း ပါသည် ။ ကိတ်မုန့်၊ ပေါင်မုန့်ထောပတ်သုတ်၊ မာဖင်(Muffin ထောပတ်နှင့် ပူပူနွေးနွေးစားရသည့် ပေါင်မုန့်ဝိုင်း၊ ထောပတ်နှင့် သစ်သီးအစာသွတ် ပေါင်မုန့်ဝိုင်း)တတ်(Tartသစ်သီး သို့မဟုတ် ယိုဌာပနာမုန့်)များ လည်း ပါသည် ။ မကွေးဝန်ကြီးအိမ် တွင် အနောက်တိုင်းပုံဟန် ပန်းကန်လုံး၊ ပန်းကန်ပြား၊ ဇွန်းခက်ရင်း၊ ဓားများ ဖြင့် စားပွဲပြင်ထားသည် ။ မကွေးဝန်ကြီး၏ တစ်ခါက အမှုထမ်းဖြစ်ဖူးသူ အိန္ဒိယသားတစ်ယောက်က ဘတ္တလာအဖြစ် စားပွဲထိုးသည် ။ ဘုရင်မင်းမြတ်ထံ ဖူးမြော်ဝင်စဉ်က ညီလာခံအပြီးတွင် တည်ခင်းကျွေးမွေးသည့် မြန်မာမုန့်မျိုးစုံ၊ ချိုချဉ်ရသာ စားဖွယ်မျိုးစုံတွင် ပုရစ်ကြော် ပူပူလောင်လောင်ကလေးကို ယူးလ်မြည်း ကြည့်ပြီး စွဲသွားသည် ။ ပုစွန်ကြော်နှင့် တူသလိုလိုဟု မှတ်ချက်ချသည် ။

တရုတ်-မြန်မာ ကုန်သွယ်ရေး၊ မြန်မာဝါဂွမ်းအရောင်းသွက်ပုံ၊ တွင်ကျယ်ပုံကိုလည်း ယူးလ် မြင်သည် ။ မြန်မာ့ရဲမက်အင်အား၊ အမြောက်သေနတ် လက်နက်အင်အား အခြေအနေ အထင်ကြီးစရာ မရှိပုံ၊ စာရင်းဇယားနှင့်တကွ ဖော်ပြသည် ။ ပန်းဘဲဝန်ကြီး ဦးမှို၏ ပန်းဘဲဖိုကြီးမှ အမြောက်ကြီးခုနစ်လက် အမြောက်တင်ရထားနှင့်တကွ ထုတ်လုပ်သ

ည် မှ အစ မလွတ်တမ်း မှတ်တမ်းမှတ်သားသွားသော လက်ယာဗိုလ်ကြီး ယူးလ်၏ စေ့စပ်ပုံကို သူ၏ အစီရင်ခံစာဖြစ်သော စာအုပ်ကြီးတွင် တွေ့ရ သည် ။

*